စွန်ရဲ(မြောက်)ကျေးရွာ

စွန်ရဲကျေးရွာအုပ်စု

စဉ့်ကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၂–၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စွန်ရဲ(မြောက်)ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	စွန်ရဲ(မြောက်)ကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ စဉ့်ကိုင်မြို့နယ်	
	စွန်ရဲ(မြောက်)ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ စဉ့်ကိုင်မြို့နယ်	
	စွန်ရဲ(မြောက်)ကျေးရွာ ကျေးရွာတွင်း/ပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ	
	စွန်ရဲ(မြောက်)ကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ စဉ့်ကိုင်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗြူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

သြဂုတ်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


စွန်ရဲ(မြောက်)ကျေးရွာ

စဉ့်ကိုင်မြို့နယ်


၁. စဉ့်ကိုင်မြို့နယ်၊စွန်ရဲကျေးရွာအုပ်စု၊ စွန်ရဲ(မြောက်)ကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအုပ်စု၊ စွန်ရဲ(မြောက်)ကျေးရွာ ၏ရာသီခွင်ပြ ပြက္ခဒိန်



၃. စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအုပ်စု၊ စွန်ရဲ(မြောက်)ကျေးရွာ၏ ချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

စွန်ရဲ(မြောက်)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး စဉ့်ကိုင်မြို့၏အရှေ့တောင်ဘက်တည်ရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာနှင့် ကျေးရွာမြောက်ဘက်တွင် အင်းကုန်းကျေးရွာများ ရှိပြီး ခရိုင်ချင်းဆက်လမ်း၏ဘေးတွင် တည်ရှိပါသည်။ကျေးရွာ၏ အကျယ်အဝန်းမှာ (၁၀) ဧကခန့် ကျယ်ဝန်းပြီး အနီးစပ်ဆုံးမှာ အနောက်တောင်ဘက်တွင် ကျောက်ဆည်မြို့နှင့် အနောက်မြောက်ဘက်တွင် စဉ့်ကိုင်မြို့တို့ဖြစ်ပါသည်။

ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး၊ငင်းစာသင်ကျောင်း၏ မြောက်ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းရှိပါသည်။ရွာနှင့် စာသင်ကျောင်း၊ဘုန်းတော်ကြီးကျောင်းတို့အကြားရှိ ရွာတွင်းလမ်းမှာ အမာခံမြေသားကျောက်ခင်းလမ်းဖြစ်သော်လည်း မိုးရာသီတွင် သွားလာရေး လွယ်ကူမှုခက်ခဲပါ၍ လမ်း အဆင့်မြင့်တင်ပေးရန် လိုအပ်ပါသည်။ဤကျေးရွာတွင် အဓိကအားဖြင့် စပါး၊ ကြက်သွန်၊ ပဲတီ သီးနှံများကို စိုက်ပျိုးကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

စွန်ရဲ(မြောက်)ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ နွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ(၄၃ ဒီဂရီဖာရင်ဟိုက်)ရှိပြီး ၊ အနိမ့်ဆုံးအပူချိန်မှာ(၂၉ ဒီဂရီဖာရင်ဟိုက်)ရှိပါသည်။ရာသီဥတုအနေဖြင့် ပုံမှန်အနေအထားတွင် ရှိသော်လည်း ရံဖန်ရံခါတွင် အချိန်အခါမဟုတ်မိုးရွာသွန်းမှုများ ရှိခဲ့ပါသည်။

ဤကျေးရွာတွင် လယ်မြေ(၃၁)ဧက၊ ယာမြေ(၁၀.၅)ဧကသာရှိပါသည်။စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးခဲ့ရပါသည်။ရာသီဥတုမမှန်ခြင်းကြောင့် သီးနှံများစိုက်ပျိုး၍ အဆင်မပြေသောကြောင်း စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးအမြတ်ရရှိမှုနည်းပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စွန်ရဲ(မြောက်)ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိ၊ရပ်ဖများမှ ပူးပေါင်းညှိနှိုင်း၍ ကျေးရွာ၏ဘာသာရေး၊သာရေး၊နာရေးဆိုင်ရာ လုပ်ငန်းများတွင် ပရဟိတအဖွဲ့၊ သာသနာအကျိုးဆောင်အဖွဲ့များနှင့်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ဆောင်ရွက်ခြင်းပြီး ကျေးရွာသူ/သားနှင့် အသင်းသူ/သားများများသာရေးနာရေး၊လူမှုရေးကိစ္စအဝဝကိုတက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်

ကျေးရွာရှိအဖွဲ့အစည်းအသီးသီးမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုအောက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

စွန်ရဲ(မြောက်)ကျေးရွာတွင် ၂.၅၄ကေ မှ၅၄ကေကြား တောင်သူငယ်(၁၀)အိမ်ထောင်စုနှင့် ၂.၅၄ကေ အောက် ဆင်းရဲသားတောင်သူ(၃) အိမ်ထောင်စုနှင့် မြေယာမဲ့(၁၀၇) အိမ်ထောင်စု စသည်တို့ရှိကြပြီး အများစုမှာ လယ်မြေအမျိုးအစားများဖြစ်ကြပြီး စပါး၊ ကြက်သွန်နှင့် ပဲတီသီးနှံများ စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု (၁၀၇)အိမ်ထောင်စုရှိသဖြင့် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ကျော်ရှိပြီး လက်သမား၊ ပန်ရံ၊ အခြားကျပန်းလုပ်ကိုင်သူများ၊ လခစား ဝန်ထမ်းများနှင့် ဈေးသည်များလည်း ရှိကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့် လယ်ယာမြေများမှာ မိုးကောင်းရေသောက်ဖြစ်သဖြင့် ရာသီဥတုကောင်းလျှင်သီးနှံများ ထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ခြင်းနှင့် သီးနှံရောဂါပိုးကျရောက်ခြင်းများပါက သီးနှံအထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတက်ပါသည်။သီးနှံများအား အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည့် ကုန်ထုတ်လမ်းမရှိခြင်းကြောင့်လည်း သီးနှံများရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုများ ရှိပါသည်။

ကျေးရွာအတွင်းရှိ လယ်သမားများတွင် စက်ကိရိယာ ပိုင်ဆိုင်မှုမှာ ထွန်စက်(၁)စီးသာရှိပြီး ကျန်စက်ကိရိယာများအား အခြားကျေးရွာမှငှားရမ်းသုံးစွဲကြပါသည်။သီးနှံအထွက်နှုန်းမှာစပါးအနေဖြင့် တစ်ဧကပျမ်းမျှ (၆၀)တင်း၊ကြက်သွန်အနေဖြင့် ပျမ်းမျှ(၃၀၀၀)ပိဿာနှင့် ပဲတီတစ်ဧကပျမ်းမျှ (၁၅) တင်းခန့် ထွက်ရှိကြပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၆)စုရှိပြီး နွားကောင်ရေ (၂၉၆)ကောင် ၊ဆိတ်မွေးမြူသည့် အိမ်ထောင်စု (၄)အိမ်ရှိပြီး ဆိတ်ကောင်ရေ (၁၅၀)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု (၂)စုရှိပြီး ကြက်ကောင်ရေ(၅၅)ကောင်ဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်နေကြပါသည်။မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲ၍ လုပ်ကိုင်ကြပါသည်။မွေးမြူရေးအတွက် စနစ်တကျမွေးမြူရန် နည်းပညာအသိအားနည်းကြသောကြောင့် မွေးမြူရေးနှင့်ပတ်သက်၍ နည်းပညာဆွေးနွေးပွဲများကျင်းပခြင်းနှင့် တိရိစ္ဆာန်များအတွက် စောင့်ရှောက်မှုများရရှိပါက ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရေ လုပ်ငန်းများ

စွန်ရဲ(မြောက်)ကျေးရွာ၏ အိမ်ထောင်စု(၁၂၀)စုတွင် စိုက်ပျိုးရေးလုပ်ကိုင်သူနည်းပါးပြီး ကျန်အိမ်ထောင်စုများမှာ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ပန်းရံလက်သမားလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် နေ့စားကျပန်းအလုပ်များကိုလုပ်ကိုင်ကြသည်။ ကျေးရွာသူ/သားများ အတွက် ဝင်ငွေတိုးပွားလာစေရန်တွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဆိုပါက အလုပ်အကိုင်များပိုမိုရရှိလာပြီး ကျေးရွာသူ/သားများ၏ မိသားစုစားဝတ်နေရေးပိုမို အဆင်ပြေလာမည်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းများရှိသော်လည်း အတိုးနှုန်းမသက်သာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာလိုသလောက်မရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ကျေးရွာမှငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေကြရပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

စွန်ရဲကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် ကျောင်းသူ/သားများ ကျောင်းသွားရာတွင်လည်းကောင်း၊ ရဟန်းသံဃာများ ဆွမ်းခံကြွရာတွင် လည်းကောင်း၊ ကျေးရွာသူ/သားများ သွားလာရာတွင်လမ်းကောင်း ခက်ခဲလျက်ရှိပါသည်။သို့ဖြစ်ပါ၍ ရွာတွင်းလမ်းအားကွန်ကရစ်အဆင့်မြှင့်တင့်ရန် လိုအပ်ပါသည်။ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၈၅)စင်း၊ ထော်လာကျီ(၁)စင်းနှင့် နွားလည်း(၆)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

စွန်ရဲ(မြောက်)ကျေးရွာတွင် မီးလင်းရေးအခြေအနေမှာ မဟာဓါတ်အားလိုင်းမှ ရယူသုံးစွဲသော အိမ်ထောင်စုမှာ(၇၀)စုနှင့် အခြားနည်းစနစ်ဖြင့်သုံးစွဲသော အိမ်ထောင်စုမှာ(၅၀)စုတို့ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၀၈)လုံး၊ တီဗွီ (၅၂)လုံးနှင့်ဂြိုလ်တုစလောင်း(၅၂)ခု စသည်တို့မှ ရရှိပါသည်။ကျေးရွာတွင် တယ်လီဖုန်းလိုင်းများ အားလုံး မိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများကိုင်ကြသည်။လျှပ်စစ်မီးရရှိသော အိမ်များ၏ တီဗွီမှဗဟုသုတအစီအစဉ်များကြည့်ရှုကြသည်။

၆။ ပညာရေး

စွန်ရဲ(မြောက်)ကျေးရွာတွင် အထက်တန်းကျောင်းဖြစ်ပြီး ကျေးရွာမှကျောင်းတက်နေသော ကျောင်းသားဦးရေမှာ (၃၉)ဦးရှိပါသည်။မူလတန်းအဆင့်(၃၁)ဦး၊အလယ်တန်းအဆင့်(၆)ဦး၊ အထက်တန်းအဆင့်(၂)ဦး နှင့် တက္ကသိုလ်အဆင့် (၁)ဦး ၊ ကျား(၂၂)ဦးနှင့် မ(၁၈)ဦး စုစုပေါင်း (၄၀)ဦး ရှိပါသည်။

ကျေးရွာတွင် မူလတန်းပြီးမြောက်သူ (၂၈၇)ဦး၊ အလယ်တန်းပြီးမြောက်သူ (၆၂)ဦး၊ အထက်တန်းပြီးမြောက်သူ (၆၀)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ (၂၆)ဦးရှိခြင်းကြောင့် ကျေးရွာတွင် ပညာတတ်ဦးရေများပြားပြီး လူ့စွမ်းအားအရင်းအမြစ်ကောင်းများရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာနှင့် (၁)မိုင်ခန့်ရှိသော ရွာသစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး ကျန်းမာရေးဝန်ထမ်းများ လာရောက်သည့်အတွက် ကူးစက်ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ကျန်းမာရေးကောင်းမွန်ကြပါသည်။တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီတုပ်ကွေး၊ ဖျားနာခြင်း ဖြစ်ပေါ်တတ်ပါသည်။ ထိုအချိန်အခါမျိုးတွင် ကျန်းမာရေးဌာနမှ အချိန်မီလာရောက်ကုသပြီး ကျန်းမာရေးဗဟုသုတများအား ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာအဖွဲ့တို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။

သောက်သုံးရေအတွက် တွင်းကျယ်(၁)တွင်းနှင့် အဝီစိတွင်းစက်တပ်(၅၁)တွင်းများ ရှိပါသည်။ ကျေးရွာရှိ ရေတွင်းများအနေဖြင့် သောက်သုံးရေအတွက် တစ်နှစ်ပတ်လုံးဖူလုံလျက်ရှိပါသည်။

သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု(၆၇)စုသာရှိပြီး တချို့အိမ်ထောင်စုများသည် မိသားစုများနှင့် ပေါင်း၍အသုံးပြုကြပါသည်။ယင်လုံအိမ်သာမလုံလောက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားကြပြီး ကျန်းမာရေးထိခိုင်သောကြောင့် စနစ်ကျသောယင်လုံအိမ်သာများ ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

စွန်ရဲ(မြောက်)ကျေးရွာတွင် တခါတရံအပူချိန်မြင့်မားခြင်း၊ မိုးကြီးခြင်း၊မိုးခေါင်ခြင်း၊လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းစသော သဘာဝဘေး ရံဖန်ရံခါ ဖြစ်ပွားတတ်ပါသည်။အပူချိန်မြင့်မားခြင်းနှင့်မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးခြင်း၊ မိုးကြီးခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်းများဖြစ်ပေါ်တတ်ပါသည်။

၉။ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာတွင် ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာရှိအမျိုးသား/သမီးအများစုမှာ ပညာရေးအဆင့်အရ အလယ်တန်းနှင့်အထက်တန်းအဆင့်ပြီးမြောက်သူများဖြစ်ကြ၍ အသိညာဏ်မြင့်မားကြပြီး အဆိုပါကိစ္စရပ်မျိုး မဖြစ်ပွားကြပါ။ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း နှစ်ဆန်းတစ်ရက်နေ့တွင် ကျား-မ မရွေး သက်ကြီးရွယ်အိုများအား စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ လက်ဆောင်ပစည်းများ ကန်တော့ခြင်းများ ဆောင်ရွက်ကြပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – စွန်ရဲ			ကျေးရွာအမည် – စွန်ရဲ(မြောက်)ကျေးရွာ
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်း
၂	ကျန်းမာရေး	ကျန်းမာရေး	တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း
၃	ကျန်းမာရေး	ကျန်းမာရေး	ကျန်းမာရေးကားရရှိအောင်ဆောင်ရွက်ခြင်း
၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း
၅	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်ခြင်းနှင့်အိမ်တိုင်ရေသွယ်စနစ်ဆောင်ရွက်ခြင်း
၆	ငွေကြေး	ရပ်ရွာအခြေပြု	ချေးငွေစီမံကိန်းများဆောင်ရွက်ခြင်း
၇	အခြေခံအဆောက်အဦ	အခြားအခြေခံအဆောက်အဦ	အများသုံးအိမ်သာများဆောက်လုပ်ခြင်း
၈	မွေးမြူရေး	မွေးမြူရေးနည်းပညာ	မွေးမြူရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများရရှိအောင်ဆောင်ရွက်ခြင်း
၉	လူငယ်	လူငယ်နှင့်အားကစား	ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း
၁၀	လုံခြုံရေး	လုံခြုံရေး	မီးသတ်ကားရရှိအောင်ဆောင်ရွက်ခြင်း
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်း ရေနုတ်မြောင်းများတူးဖော်ခြင်း

စွန်ရဲ(မြောက်)ကျေးရွာ၊ စွန်ရဲကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	လုပ်ငန်းတာဝန်	မှတ်ပုံတင်အမှတ်	မွေးသက္ကရာဇ်	အသက်	ပညာအရည်အချင်း	ဖုန်းနံပါတ်
၁	ဦးလွမ်းမိုး	ဦးသံချောင်း	ဥက္ကဋ္ဌ	၉/စကတ(နိုင်) ၀၆၆၆၈၇	၁၉၈၁	၄၁	၁၀တန်း	၀၉-၇၇၉၀၆၆၆၈၈
၂	ဦးကျော်စိုး	ဦးမြင့်သန်း	အတွင်းရေးမှူး	၉/စကတ(နိုင်) ၀၀၁၀၃၀	၁၃၃၅	၄၉	၇တန်း	၀၉-၆၆၈၁၃၂၂၇၄
၃	ဦးမောင်နိုင်	ဦးလှဒင်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၂၀၀၃၂	၁၃၂၉	၅၄	၉တန်း	၀၉-၇၅၈၅၂၄၆၄၄
၄	ဦးကုလား	ဦးစံမြင့်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၂၀၀၂၂	၁၃၁၅	၆၉	၁၀တန်းအောင်	-
၅	ဦးကျော်မင်း	ဦးရေ	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၇၄၃၁၈	၁၃၃၅	၄၉	၆တန်း	၀၉-၆၇၇၅၁၇၀၁၁
၆	ဦးကိုလတ်	ဦးကျော်စိန်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၇၄၂၈၂	၁၉၇၉	၄၃	၅တန်း	၀၉-၇၈၈၅၁၇၀၅၂
၇	ဒေါ်ခင်ဆွေဝင်း	ဦးဌေးမောင်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၀၀၀၅၄	၁၇.၁၀.၁၉၇၀	၅၂	၉တန်း	၀၉-၇၉၇၅၈၅၄၃၅
၈	ဒေါ်ညိုညို	ဦးလှရွှေ	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၁၈၈၈၈	၁၃၃၂	၅၂	၈တန်း	၀၉-၆၉၂၅၅၇၀၉၉
၉	ဒေါ်ခိုင်	ဦးမှုံကြီး	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၁၉၉၉၉	၁၃၃၁	၅၃	၇တန်း	-
၁၀	ဒေါ်ယဉ်မော်	ဦးကျင်မောင်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၉၂၄၄၉၂	၁၃၃၉	၄၅	၅တန်း	-
၁၁	ဒေါ်အေးအေး	ဦးအေးလွင်	အဖွဲ့ဝင်	၉/စကတ(နိုင်) ၀၆၆၆၃၈	၁၃၄၄	၄၀	၅တန်း	၀၉-၂၅၂၅၇၀၅၀၀

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၅	၆
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၂	၇	၁၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၃	၁၅	၂၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၄	၁၃	၃၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၈	၂၀၉	၃၈၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၁၀	၁၇
စုစုပေါင်း		၂၃၅	၂၅၉	၄၉၄
စုစုပေါင်း အိမ်ထောင်စု		၁၂၀		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊(၃)ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ စွန်ရဲ(မြောက်)ကျေးရွာတွင် အိမ်ထောင်စု(၁၂၀)စုရှိပြီး ကျား(၂၃၅)ဦး၊ မ(၂၅၉)ဦး၊ စုစုပေါင်း(၄၉၄)ဦး ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၃)ဦးခန့်ရှိပါသည်။ စွန်ရဲ(မြောက်)ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ်နည်းပါးပြီး အလုပ်လုပ်နိုင်သော လုပ်သားဦးရေ အသင့်အတင့်ရှိသည့်အတွက် ကျေးရွာ၏စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်များရရှိနိုင်သည်ကို တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၃	၂၆	၁၂	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:				မြင့်☐ လတ်☐ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၆	၂၈		မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:				မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀		မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း:**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိပ်ပါတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၃	၃		မြင့်□ လတ်□ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:				မြင့်□ လတ်□ နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်□ လတ်□ နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၂		မြင့်□ လတ်□ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်□ လတ်□ နိမ့်□
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့်□ လတ်□ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့်☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀		မြင့်☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀		မြင့်☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၀	မြင့်☐ လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၅	မြင့်□ လတ်□ နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□ လတ်□ နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၉၇	၄၃၄	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၂၀			☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်သာရှိပြီး မွေးမြူရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် စက်ရုံဝန်ထမ်းများ၊ အရောင်းအဝယ်လုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်သူများဖြစ်ပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်	အများဆုံး (ကျပ်)	အနည်းဆုံး (ကျပ်)

		ပုံ	ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × **၈**)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်အားခအနေဖြင့် ကျား၊မ လုပ်အားနှုန်းထားများမှာ အလုပ်အကိုင်၏ အားစိုက်ထုတ်မှု အပေါ်မူတည်၍ အနည်းငယ်ကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၁	ကောင်း☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀.၅	ကောင်း☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း☐	သင့်☐	ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ခနိတောမြေ		ကောင်း☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၄၁.၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။
လေ့လာတွေ့ရှိချက်။ ။ စွန်ရဲ(မြောက်)ကျေးရွာသည် လယ်မြေ၊ ယာမြေ၊အနည်းငယ်သာရှိသောကြောင့် မွေးမြူရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။
(ဂ-၂) ဓာတ်သတ္တုနှင့် အခြား သဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များး ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များး ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များး☐သင့်☐နည်း ☐ မရှိ ☑	☒
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များး ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
ရေ- မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များး ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐
သစ်တော-အပူပိုင်းသစ်တော	များး ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သစ်တော- ဒီရေတောများ	များး ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် တွင်းထွက်သယံဇာတများအနေဖြင့် ကျေးရွာ၏ မြောက် ဘက်ရှိတောင်တန်းများမှ ဆောက်လုပ်ရေးအတွက် အသုံးပြုနိုင်သော ကျောက်များထွက်ရှိပြီး နွားစာများရရှိနိုင်ပါသည်။ မြေပေါ်ရေအနေဖြင့် ကျေးရွာ၏အရှေ့ဘက်ကပ်လျက်တွင် စွန်ရဲအင်းရှိပြီး ယခင်က ရွှေတံငါမြောင်းမှ အင်းရေသွယ်ယူအသုံးပြုကြပြီး ယခုအခါ မြောင်းပိတ်ဆို့မှုများပြားသောကြောင့် အသုံးပြုမှုနည်းပါးလာပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၅	၅၀	၄၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ဝန်ထမ်းနှင့်အရောင်းအဝယ်လုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမားလုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ နေ့စားနှင့် ကြုံရာကျပန်းလုပ်ကိုင်ရသော အိမ်ထောင်စုများဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာ ဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		ချေးယူ =၁၀ လုပ်အားခကြိုယူ =၁၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား =၀ အစာလျှော့စား =၀ အထောက်အပံ့ယူ =၀ ချေးယူ =၅ လုပ်အားခကြိုယူ =၅
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား =၀ အစာလျှော့စား =၀ အထောက်အပံ့ယူ =၀ ချေးယူ =၅ လုပ်အားခကြိုယူ =၅

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ စွန်ရဲ(မြောက်)ကျေးရွာရှိ ဆင်းရဲနွမ်းပါးသော ရွာသူ/သားများသည် ဝမ်းစာဖူလုံမှု လိုအပ်ချက်အရ ကျေးရွာတွင်းရှိ မိတ်ဆွေများထံမှ ရံဖန်ရံခါ ငွေချေးယူ၍လည်းကောင်း၊ အလုပ်ရှင်များဆီမှ လုပ်အားခ ကြိုတင်ထုတ်ယူ၍လည်းကောင်း ဖြေရှင်းလျက်ရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု

ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။စွန်ရဲ(မြောက်)ကျေးရွာ သဘာဝဘေးကြောင့်ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမားမရှိပါ။ ကျေးရွာသူ/သားများအနေဖြင့် ကျန်းမာရေးအသိရှိခြင်းကြောင့် ကူးစက်ရောဂါကျရောက်မှုမှာလည်း နည်းပါးပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဆိုးရွားစွာထိခိုက်သက်ရောက်နိုင်မှုမရှိပါ။ မိုးရာသီတွင် လက်လုပ်လက်စားနှင့်ကျပန်းအလုပ်သမားများအနေဖြင့် ပုံမှန်ဝင်ငွေမရရှိသောကြောင့် ထိခိုက်မှုများရှိကြောင်း တွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐
၂	ကျေးရွာဖွံ့ဖြိုးရေး	၁ ☐ ၂ ☑ ၃ ☐	၇	၅	၁၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐
၃	ပရဟိတအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၁၀	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လူမှုရေး	၁ ☐ ၂ ☑ ၃ ☐	၅		၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူထုကိုယ်တိုင်ရွေးချယ်ဖွဲ့စည်းထားသော လူမှုအခြေပြုအဖွဲ့(၄)ဖွဲ့ရှိပြီး၊ အဖွဲ့အစည်းများသည် စွမ်းဆောင်ရည်ပြီး စွမ်းဆောင်ရည်များကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ ကွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑	ပညာရေး☐ ကွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း ပြင်ပချေးငွေဆောင်ရွက်သော အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ဧကမှ၅ဧကကြား	၁၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား		တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၈၉%)၊ ၂.၅ဧကအောက်အိမ်ထောင်စု (၂.၅%)၊ ၂.၅ဧကမှ၅ဧကကြားရှိသောအိမ်ထောင်စု(၈.၃၃%)ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☐	မဖြေဆိုပါ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများမှာ မိုးရေကို အဓိကထား၍ စိုက်ပျိုးလျှက်ရှိပြီး အခြားရေရှိရေးနည်းလမ်းများသုံးစွဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၃၁	တင်း	၄၀	၈၀	၆၀	မတ်	ဇွန်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ကြက်သွန်	၁၀.၅	ပိဿာ	၂၅၀၀	၃၅၀၀	၃၀၀၀			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ပဲတီ	၁၀	တင်း	၁၀	၂၅	၁၅			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းမှာစပါးအနေဖြင့် တစ်ဧကပျမ်းမျှ (၆၀)တင်း၊ကြက်သွန်အနေဖြင့် ပျမ်းမျှ(၃၀၀၀)ပိဿာနှင့် ပဲတီတစ်ဧကပျမ်းမျှ (၁၅) တင်း ခန့်ထွက်ရှိကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၁၂

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း** - **လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာသုံးစက်ပစ္စည်းပိုင်ဆိုင်မှုအနေဖြင့် ထွန်စက်(၁)စီးသာရှိပြီး အခြားတောင်သူများအနေဖြင့် စက်ကိရိယာများအား ငှားရမ်းအသုံးပြုကြပါသည်။ လယ်မြေနည်းပါးသောကြောင့် စက်ကိရိယာများငှားရမ်းအသုံးပြုရာတွင် အဆင်ပြေပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန်အခွင့်အလမ်းများ အသင့်အတင့်ရှိပါသည်။ သီးနှံများစိုက်ပျိုးရာတွင် မိရိုးဖလာအတိုင်းသာ စိုက်ပျိုးကြရပြီး စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပံ့ပိုးပေးမှုများလိုအပ်လျက်ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
	○၊□ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ□ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□ အသင့်အတင့်ကျ☑ အနည်းငယ်☑ မဖြေဆိုပါ□
ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများနှင့် ပတ်သက်သော သတင်းအချက်အလက်များ လက်လှမ်းမီမှု	အလွယ်တကူမရနိုင်□ လုံးဝမရ□ မဖြေဆိုပါ☑
ရာသီအလိုက် ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှု	အလွယ်တကူမရနိုင်□ လုံးဝမရ□ မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေချဲ့ထွင်နိုင်မှုမရှိခြင်းနှင့် သီးနှံဖျက်ပိုးကျရောက်မှုကို အသင့်တင့် ဖြစ်ပွားပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၆	၂၉၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၄	၁၅၀
သိုး		
ဝက်		
ကြက်	၂	၅၅
ဘဲ		
နွားနောက်		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

